SCANLON FOUNDATION RESEARCH INSTITUTE

Social Research Centre

# ဩစတြေးလျနိုင်ငံရှိ ဒုက္ခသည် တွေ့ကြုံမှုကို လေ့လာမှု-ပါဝင်ဖြေဆိုသူအတွက် အချက်အလက် စာစောင်



SRC3214_PICF (survey)_V2.0_09Sep2024

# ပူးတွဲ ၁၃- ပါဝင်ဖြေဆိုသူအတွက် အချက်အလက် စာစောင် (မြန်မာ)

## လေ့လာမှု ခေါင်းစဉ်

သြစတြေးလျနိုင်ငံရှိ ဒုက္ခသည် ကြုံတွေ့မှုကို လေ့လာမှု

## စုံစမ်းရေးမှူးများ

ဆကင်လွန် ဖေါင်ဒေးရှင်း သုတေသန အဖွဲ့ (Scanlon Foundation Research Institute) မှ Anthea Hancocks, Trish Prentice နှင့် Celia Tran

လူမှုရေးဆိုင်ရာ သုတေသန စင်တာ (The Social Research Centre) မှ Dr Kylie Brosnan, Dr Ben Phillips, Andrew Ward, Dr Stephen Cuttriss, Dr Tamsin Dehar, Alison Eglentals, Lani Sellers, Nyima Lhamo Wangchuk, Jerath Head, Lachie Watson နှင့် Ian Heffernan

## နိဒါန်း

သင်သည် ဒုက္ခသည် သို့မဟုတ် ဒုက္ခသည်-မဟုတ်သော လူသားချင်းစာနာမှုအရ ပြည်ဝင်ခွင့် ဗီဇာဖြင့် သြစတြေးလျနိုင်ငံသို့ လွန်ခဲ့သော ၁၀ နှစ်အတွင်း ရောက်ရှိလာခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုနှင့် စိတ်ဒဏ်ရာသင့်မှုမှ လွတ်မြောက်လာသူများအတွက် သြစတြေးလျနိုင်ငံ ဟတ်တိုင်အဖွဲ့ (The Forum of Australian Services for Survivors of Torture and Trauma (FASSTT)) အလုပ်ကွန်ရက်၊ ဆကင်လွန် ဖောင်ဒေးရှင်း သုတေသန အဖွဲ့ (Scanlon Foundation Research Institute) သို့မဟုတ် ယဉ်ကျေးမှုစုံ ဈေးကွက်လှုပ်ရှားမှုနှင့် စီမံခန့်ခွဲရေး (Multicultural Marketing and Management (MMM)) တို့နှင့်ဆက်သွယ်နေသည့်အတွက်ကြောင့် ဤလေ့လာမှုတွင် ပါဝင်လုပ်ဆောင်ပေးရန် သင့်အား မေတ္တာရပ်ခံပါသည်။

## နောက်ခံအကြောင်းချင်းရာ

နိုင်ငံလုံးဆိုင်ရာ အရေးကြီးသော လေ့လာမှုတစ်ခုဖြစ်သည့် သြစတြေးလျနိုင်ငံရှိ ဒုက္ခသည် ကြုံတွေ့မှုကို လေ့လာမှု (Refugee Experience in Australia Study) အပေါ် သင်၏ စိတ်ဝင်တစားရှိမှုအတွက် ကျေးဇူးတင်ပါသည်။ ဤစစ်တမ်းကိုဖြေဆိုပေးခြင်းမှတစ်ဆင့် သင်၏ ပြောဆိုသံကို နားထောင်ရခြင်းသည် သြစတြေးလျနိုင်ငံသို့ လာရောက်မည့် အနာဂတ် ဒုက္ခသည်များနှင့် လူသားချင်းစာနာမှုအရ လာရောက်သူများအတွက် အခြေချနေထိုင်ရမည့် ခရီးလမ်းကြောင်းကို တစ်နည်းတစ်ဖုံကူ၍ပံ့ပိုးပေးနိုင်သော နည်းလမ်းတစ်ရပ်ဖြစ်ရာရောက်ပါသည်။

## ဤသုတေသနကို မည်သူက လုပ်ဆောင်နေပါသနည်း။

သြစတြေးလျနိုင်ငံတွင် ဝန်ဆောင်မှုများကို ပိုမိုတိုးမြှင့်အောင်လုပ်ပေးစေရန် လူများအား အမြဲလိုလို စစ်တမ်းများဖြင့် မေးခွန်းများ မေးလေ့ရှိပါသည်။ ဤစစ်တမ်းကို လူမှုရေးဆိုင်ရာ သုတေသန စင်တာ (Social Research Centre) က ဆကင်လွန် ဖေါင်ဒေးရှင်း သုတေသန အဖွဲ့ (Scanlon Foundation Research Institute (Scanlon Institute)) နှင့်ပူးတွဲ၍ လုပ်ဆောင်နေလျက်ရှိသည်။

ဆကင်လွန် ဖေါင်ဒေးရှင်း သုတေသန အဖွဲ့ (The Scanlon Foundation Research Institute) (https://scanloninstitute.org.au) သည် သြစတြေးလျနိုင်ငံရှိ ဒုက္ခသည်များက ကြုံတွေ့ရသော အခက်အခဲများကို နားလည်စေရန် သုတေသနပြုမှုအား ထောက်ခံအားပေးပါသည်။ ဆကင်လွန် ဖေါင်ဒေးရှင်း သုတေသန အဖွဲ့ (The Social Research Centre) (www.srcentre.com.au) သည် သီးခြားလွတ်လပ်သော သြစတြေးလျ လူမှုရေးဆိုင်ရာ သုတေသန အဖွဲ့အစည်းတစ်ခုဖြစ်ကာ မဲလ်ဘုန်းမြို့၌အခြေစိုက်ပြီး သြစတြေးလျ အမျိုးသား တက္ကသိုယ် (Australian National University (ANU)) က ပိုင်ဆိုင်သည်။

## သုတေသနမှာ မည်သည့်အကြောင်းချင်းရာ အကြောင်းဖြစ်သနည်း။

သုတေသနသည် သြစတြေးလျနိုင်ငံ၌ အခြေချနေထိုင်ရခြင်း၏ သင့်အဖို့ ကြုံတွေ့ရသည့်အကြောင်းကို ပါဝင်ပေါင်းစည်းခွင့်ရခြင်းနှင့် ချိတ်ဆက်မှုရှိခြင်းတို့အပြင် သြစတြေးလျနိုင်ငံသို့ ရောက်ရှိလာကတည်းကစ၍ သင့်အား မည်သို့မည်ပုံ ပံ့ပိုးကူညီခဲ့သည့်အကြောင်းကိုရှုမြင်၍ သိရှိရန် ရည်မှန်းပါသည်။

စစ်တမ်းကို အွန်လိုင်းဖြင့် ဖြေဆိုရပြီး မေးခွန်းအများစုအတွက် သင့်အနေဖြင့် ပေးထားသော ရွေးချယ်စရာများ ပါရှိသော စာရင်းမှ သင့်အဖြေကို ရွေးချယ်ခိုင်းပါသည်။ ရန်ဖန်ရန်ခါ သင့်အား အဖြေအကျဉ်းချုပ် ရေးခိုင်းနိုင်ပါသည်။

စစ်တမ်းကို အင်္ဂလိပ်၊ အာရပ်၊ အစီးရီးယန်း၊ မြန်မာ၊ ချင်း၊ ဒါရီ၊ ဟာဇာရာဂီ၊ ကရင်၊ နီပေါ၊ ဆွာဟီလီး၊ နှင့် တီဂရင်ရာ ဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။

သင် ဤစစ်တမ်းကို ဖြေဆိုပေးလိုပါက ဖုန်း 1800 023 040 ကိုဆက်သွယ်ပါ သို့မဟုတ် voices@srcentre.com.au သို့အီးမေးလ်ပို့ပါ။

## ဤစစ်တမ်းတွင် မည်သူတို့က ပါဝင်ဖြေဆိုမည်နည်း။

ဤသုတေသန၏ တစ်စိတ်တစ်ပိုင်းအဖြစ် လွန်ခဲ့သော ၁၀ နှစ်အတွင်း သြစတြေးလျနိုင်ငံသို့ ရောက်ရှိလာခဲ့သည့် အခြားသော လူသားချင်းစာနာမှုအရ ရောက်ရှိလာသူများနှင့် သြစတြေးလျနိုင်ငံ တစ်ဝန်းရှိ ဒုက္ခသည်များ

ဩစတြေးလျနိုင်ငံတွင် အခြေချနေထိုင်ရန် ၎င်းတို့အဖို့ မည်သို့ဖြစ်ပျက်ခဲ့သည်ကို နားလည်စေရန် ကျွန်ုပ်တို့ ၎င်းတို့နှင့်စကားပြောဆိုနေလျက်ရှိပါသည်။

ဤသုတေသနတွင် ပါဝင်ဖြေဆိုရန် သင်သည်-

- အသက် ၁၈ နှစ်နှင့် အထက် ဖြစ်ရမည်
- လူတွေ့အင်တာဗျူးလုပ်မည်နေ့ရက်၌ ဩစတြေးလျနိုင်ငံတွင် နေထိုင်သူဖြစ်ရမည်
- ၂၀၁၃ ခုနှစ် ဇွန်လ ၁ ရက်နေ့နှင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ အကြား၌ ဒုက္ခသည် သို့မဟုတ် ဒုက္ခသည်-မဟုတ်သော လူသားချင်းစာနာမှုအရ ဗီဇာ ခွင့်ပြုခံရသူဖြစ်ရမည်။ ၎င်းတွင် ရောက်ရှိလာခဲ့ပြီးနောက် (ဥပမာ နိုင်ငံသားဖြစ်လာသူများ) အခြေအနေအတန်းအစား ပြောင်းခဲ့နိုင်သူတို့ ပါဝင်ပါသည်။ သင့်အနေဖြင့် ဗီဇာ အဓိက လျှောက်ထားသူ ဖြစ်ရမည်ဟု မဆိုလိုပါ၊ တစ်ဆင့်ခံ လျှောက်ထားသူအဖြစ် ဗီဇာ အတူတူ ခွင့်ပြုခံရသည့် မိသားစုဝင် တစ်ဦးဖြစ်နိုင်ပါသည်။

## ကျွန်ုပ်၏ ကိုယ်ရေးသီးခြားရှိမှုမှာ အဘယ်နည်း။

သင် ပေးအပ်သည့် အချက်အလက် အားလုံးကို **လျှို့ဝှက်စွာ** ထားရှိပြီး သုတေသန ရည်ရွယ်ချက်များအတွက်သာ အသုံးပြုပါသည် – ဆိုလိုသည်မှာ သင်၏အသေးစိတ်အချက်များကို သုတေသနအဖွဲ့တွင် မပါရှိသော မည်သူ့ကိုမျှ ပေးကမ်းမည် မဟုတ်ပါ။ အစီရင်ခံရာ၌ အသုံးပြုသည့် အချက်အလက် တစ်စုံတစ်ရာကို မည်သူဖြစ်ကြောင်း အမည်ဖျောက်ဖျက်ထားပါမည် – ဆိုလိုသည်မှာ သင်၏ အမည်နှင့် သင်၏ သီးခြား အချက်အလက် တစ်စုံတစ်ရာကို အသုံးပြုထားမည် မဟုတ်ပါ။ သင်၏ ကိုယ်ရေး အသေးစိတ်အချက်များကို ဩစတြေးလျနိုင်ငံ အစိုးရသို့ ပေးကမ်းမည် မဟုတ်ပါ။

သင်၏ ကိုယ်ရေး သီးခြားရှိမှုကို ဩစတြေးလျနိုင်ငံ ဥပဒေဖြင့် ကာကွယ်ပေးထားသည်။ ဤလေ့လာမှုကို ကိုယ်ရေး သီးခြားရှိမှု ဥပဒေ ၁၉၈၈ ခုနှစ် ၊ ကိုယ်ရေးသီးခြားရှိမှု (ဈေးကွက်နှင့်လူမှုဆိုင်ရာ သုတေသန ကိုဒ်ကျင့်ထုံး ၂၀၂၁ ခုနှစ် နှင့် ဩစတြေးလျ ကိုယ်ရေးသီးခြားရှိမှု စည်းမျဉ်းများ တို့နှင့် အညီ လုပ်ကိုင်ဆောင်ရွက်ပါသည်။

လူမှုရေးဆိုင်ရာ သုတေသန စင်တာ၏ ကိုယ်ရေးသီးခြားရှိမှုဆိုင်ရာ မူဝါဒ (The Social Research Centre’s Privacy Policy) ကို https://srcentre.com.au/privacy-policy တွင်တွေ့ရှိနိုင်ပါသည်။ သင်၏ ကိုယ်ရေးအသေးစိတ်အချက်အလက်များကို *ကိုယ်ရေးသီးခြားရှိမှု အက်ဥပဒေ ၁၉၈၈* ခုနှစ် (*Privacy Act 1988*) ဖြင့် အကာအကွယ်ပေးထားသည်။ ဆကင်လွန် ဖေါင်ဒေးရှင်း သုတေသန အဖွဲ့ (The Scanlon Foundation Research Institute) သည် ဤအတူတူ ကိုယ်ရေးသီးခြားရှိမှုဆိုင်ရာ မူဝါဒကို လိုက်နာလုပ်ဆောင်ပါသည်။

အင်တာနက် ဝန်ဆောင်ဌာန လိပ်စာ (IP address) အသေးစိတ်အချက်များကို ကောက်ယူပါသည်၊ စစ်တမ်း ဖြေဆိုသူများ နှစ်ကြိမ်ပါဝင်နေခြင်း မရှိစေရန်နှင့် စစ်တမ်းဖြေဆိုသူအားလုံးမှာ ဩစတြေးလျနိုင်ငံ၌ နေထိုင်ကြောင်း

သေချာစေရန်အတွက်ဖြစ်ပါသည်။ ယာယီ အချက်အလက် ဖိုင်တွဲများတွင် အင်တာနက် ဝန်ဆောင်ဌာန လိပ်စာများ (IP addresses) ပါရှိနေသော်လည်း အဆိုပါ လိပ်စာများကို လုပ်ငန်းဆိုင်ရာ အလုပ်ပြီးစီးသွားသည့်အခါ လျှို့ဝှက်မှုထားရှိခြင်းကို သေချာစေရန် အချက်အလက်မှ ဖယ်ရှား၍ သီးခြား ဖိုင်တွဲတွင် စုဆောင်းပါလိမ့်မည်။

သုတေသနကို စီမံပေးသည့် အွန်လိုင်းစနစ် Unicom Intelligence (ယခင် IBM SPSS အချက်အလက် စုဆောင်းရေး) သည် အမေရိကန်နိုင်ငံ၌ အခြေစိုက်သည့် ကုမ္ပဏီဖြစ်ပြီး အဆိုပါ ကုမ္ပဏီအားလုံးမှာ အမေရိကန်နိုင်ငံ ပေးထရီးရက် အက်ဥပဒေ  (US Patriot Act) နှင့် အကျုံးဝင်သည်၊ ဆိုလိုသည်မှာ အဆိုပါ အွန်လိုင်းစနစ်ကို ဩစတြေးလျနိုင်ငံ၌ တပ်ဆင်ထားသည့်တိုင် မည်သည့်အချက်အလက်ကိုမဆို အမေရိကန်နိုင်ငံ လုံခြုံရေး အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့်သာ ရယူသုံးစွဲနိုင်မည်ဖြစ်သည်။ ပါဝင်ဖြေဆိုသူများအနေဖြင့် သတိပြုသင့်သည်မှာ ဤလေ့လာမှုရှိ သင်၏ပါဝင်မှုမှရရှိသည့် အချက်အလက် အချို့ကို နိုင်ငံရပ်ခြားသို့ ပို့ဆောင်ပေးမည်ဖြစ်သည် သို့မဟုတ် ဩစတြေးလျနိုင်ငံ ပြင်ပရှိ လူပုဂ္ဂိုလ်များထံသို့ ပေးကမ်းမည်ဖြစ်ပါသည်။ အခြားနိုင်ငံများ၌ အချက်အလက် ရယူခြင်းနှင့် သုံးစွဲခြင်းကို စီမံခန့်ခွဲသည့် ကြီးကြပ်ရေးကိစ္စများမှာ ဩစတြေးလျနိုင်ငံတွင် ချမှတ်ထားသည့်ကိစ္စများနှင့် အတူတူ ဖြစ်နိုင်မည် မဟုတ်ပါ။  ဤကိစ္စနှင့်ပတ်သက်၍ သင့်တွင် မေးရန်မေးခွန်းတစ်စုံတစ်ရာရှိပါက စုံစမ်းရေးမှူးချုပ်သို့ ရည်ညွှန်းမေးရန်ဖြစ်ပါသည်။

အကယ်၍ သင့်တွင် မေးရန်မေးခွန်း သို့မဟုတ် စိုးရိမ်မှု တစ်စုံတစ်ရာ ရှိပါက သို့မဟုတ် အထက်ပါ မူဝါဒကို သင့်အား ဖတ်ပြပေးရန် ဘာသာပြန်သူ လိုအပ်ပါက လူမှုရေးဆိုင်ရာ သုတေသန စင်တာ  (Social Research Centre) ကို ဖုန်း 1800 023 040 ဖြင့် ဆက်သွယ်ပါ သို့မဟုတ် voices@srcentre.com.au သို့ အီးမေးလ်ပို့ပါ။

ဘဲလ်ဘဲရီ လူသား သုတေသန ကျင့်ဝတ် ကော်မတီ (The Bellberry Human Research Ethics Committee) သည် ဤလေ့လာမှုကို နောက်ဆုံးအသစ်ပြင်ဆင်ပြဋ္ဌာန်းထားမှု အားလုံးကို ပါဝင်ထည့်သွင်းထားသည့် လူသားသုတေသနရှိ ကျင့်ဝတ်ဆိုင်ရာ လုပ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံလုံးဆိုင်ရာ စာတမ်း (၂၀၂၃) (National Statement on Ethical Conduct in Human Research (2023)) နှင့်အညီ သုံးသပ်ခဲ့ပြီး အတည်ပြုပေးထားသည်။ ဤစာတမ်းကို လူသားသုတေသန လေ့လာမှုများတွင် ပါဝင်ဖြေဆိုရန် သဘောတူထားသူများ၏ ကောင်းကျိုးများကို ကာကွယ်ပေးရန် ထူထောင်ပြုစုထားပါသည်။ အကယ်၍သင်သည် ဤလေ့မှုကို ဆွေးနွေးလိုပါက သို့မဟုတ် မကျေနပ်မှုတိုင်တန်းချက် လုပ်ထုံးလုပ်နည်း မိတ္တူတစ်ခုကို တိုက်ရိုက်ပါဝင်ပတ်သက်သူ မဟုတ်သောသူတစ်ဦးဦးနှင့်အတူ ဖတ်ရှုလိုပါက အထူးသဖြင့် မူဝါဒများ၊ အချက်အလက်များ သို့မဟုတ် လေ့လာမှု လုပ်ရပ်နှင့်ပတ်သက်သည့် တိုင်တန်းချက်များ သို့မဟုတ် ပါဝင်ဖြေဆိုသူအဖြစ် သင့် အခွင့်အရေးများနှင့်သက်ဆိုင်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ သင်သည် လုပ်ငန်း ညွှန်ကြားရေးမှူး ၊ ဘဲလ်ဘဲရီ လိမိတက်ကို ဖုန်း 08 8361 3222 ဖြင့် ဆက်သွယ်နိုင်ပါသည်။

## လေ့လာမှုတွင် ကျွန်ုပ်အတွက် ဘာရှိပါသလဲ။

သင်၏ ကြုံတွေ့မှုများကို ဝေမျှဖလှယ်ပေးခြင်းအားဖြင့် လူသားချင်းစာနာမှုအရ ဝင်ရောက်လာသူများနှင့် ဒုက္ခသည်များအတွက် ၎င်းတို့ ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာသည့်အခါ ရရှိနိုင်သော ပံ့ပိုးကူညီမှုကို ပို၍တိုးမြှင့်ကောင်းမွန်အောင်လုပ်ပေးရန် အထောက်အကူပြုပါမည်။ ဤသို့ဖြင့် သင့်အဖို့ ဩစတြေးလျနိုင်ငံသို့ အသစ်ရောက်လာသူများအတွက် အခြေချနေထိုင်ရေး ခရီးလမ်းကြောင်းအား ကူ၍တိုးမြှင့်ပေးရန် အခွင့်အလမ်း တစ်ရပ်ဖြစ်ပါသည်။

သင်၏အချိန်ကို ကျေးဇူးတင်စွာဖြင့် ကျေးဇူးဆပ်သည့်အနေဖြင့် ဒေါ်လာ $20 တန်ဖိုးရှိသော အီး-လက်ဆောင် ကတ်တစ်ခု ရရှိပါမည်။ စစ်တမ်း ဖြေဆိုပြီးနောက် များမကြာမီ ၎င်းလက်ဆောင်ကတ်ပြားကို SMS အဖြစ် သင်၏ မိုဘိုင်းဖုန်းသို့ ပို့ပေးပါလိမ့်မည်။ (လက်ဆောင်ကတ်ပြားကို တစ်ခုချင်းစီ ပို့ပေးရ၍ စီမံသည့်ကြာမြင့်ချိန်ကြောင့် ရောက်ရှိလာရန် ရက်အနည်းငယ်ကြာမည်ဖြစ်ကြောင်း သတိပြုပါ)။

## ကျွန်ုပ်အဖို့ အန္တရာယ် တစ်စုံတစ်ရာ ရှိပါသလား။

သုတေသန ခေါင်းစဉ်ကြောင့် လူတွေ့အင်တာဗျူးလုပ်နေစဉ် သို့မဟုတ် လုပ်ပြီးနောက် သင့်အနေဖြင့် မအီမသာမှု အချို့ သို့မဟုတ် ဝမ်းနည်းသည့်ခံစားချက် အချို့ခံစားရနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် သင် ဩစတြေးလျနိုင်ငံသို့ အဘယ်ကြောင့် သို့မဟုတ် မည်သို့မည်ပုံ ရောက်ရှိလာသည်ကို မေးမြန်းမည် မဟုတ်ပါ။ ၎င်းအစား ဩစတြေးလျနိုင်ငံ၌ အခြေချနေထိုင်ကတည်းကစ၍ သင့်အဖို့ အရာကိစ္စများ မည်သို့ရှိကြောင်းနှင့် ထိုကြုံတွေ့မှုကို တိုးမြှင့်ကောင်းမွန်အောင် တစ်စုံတစ်ရာ လုပ်ပေးသင့်ကြောင်းတို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့ အာရုံစိုက်ပါမည်။ ဤသုတေသနတွင် ပါဝင်လုပ်ဆောင်ခြင်း မပြုမီ သင့်အနေဖြင့် သင်ယုံကြည်ရသူတစ်ဦးနှင့် စကားပြောဆိုပြီး လူတွေ့အင်တာဗျူးလုပ်ရသည်မှာ သင် သက်သောင့်သက်သာပြီး လုံခြုံကြောင်း ခံစားရရန် သေချာစေပါ။

သင်၏ပံ့ပိုးကူညီသည့် ဝန်ဆောင်မှုက ဤသုတေသနကို မြှင့်တင်ပေးသည့်အတွက်ကြောင့် သင့်အနေဖြင့် ပံ့ပိုးကူညီမှု လက်ခံရရှိနေစေရန် ပါဝင်ပေးရမည်ဟု စိတ်ခံစားချက်ရှိနေနိုင်ပါသည်။ အကယ်၍ သင် ဤသုတေသနတွင် မပါဝင်လိုဟု ဆုံးဖြတ်ပါက သင့်အား ပံ့ပိုးကူညီပေးနေသည့် ဝန်ဆောင်မှုဖြစ်သည့် ဆကင်လွန် အဖွဲ့အစည်း (Scanlon Institute) သို့မဟုတ် လူမှုရေးဆိုင်ရာ သုတေသန စင်တာ (Social Research Centre) တို့နှင့် သင်၏ ဆက်ဆံရေးများကို ထိခိုက်မည် မဟုတ်ပါ။

ဤသုတေသနကို ပြည်ထဲရေးဌာန (Department of Home Affairs) က ရန်ပုံငွေ ပံ့ပိုးပေးထားသဖြင့် သင် ပြောဆိုသည့်အရာများမှာ ဩစတြေးလျနိုင်ငံ အထောက်အပံ့ သို့မဟုတ် အကူအညီ သို့မဟုတ် နိုင်ငံသားဖြစ်မှု သို့မဟုတ် ဗီဇာ လျှောက်လွှာများကို သက်ရောက်မှုရှိနိုင်သည်ဟု သင် ခံစားရနိုင်သည်။ သင် ဤသုတေသန၌ ပါဝင်ရန်

သို့မဟုတ် မပါဝင်ရန် ဆုံးဖြတ်ခြင်းအားဖြင့် သင် ဩစတြေးလျနိုင်ငံ အစိုးရထံမှ လက်ခံရရှိနေသော အထောက်အပံ့ သို့မဟုတ် အကူအညီကိုသော်လည်းကောင်း သို့မဟုတ် အခြားသော ဝန်ဆောင်မှုတို့ကိုသော်လည်းကောင်း ထိခိုက်မည် မဟုတ်ပါ။ ဤသုတေသနတွင် ပါဝင်ခြင်းအားဖြင့် သင် သို့မဟုတ် သင်နှင့်ရင်းနှီးသူများတွင် ရှိသည့် နိုင်ငံသားဖြစ်မှု သို့မဟုတ် ဗီဇာလျှောက်လွှာများ အပေါ် မည်သို့မျှ တစ်စုံတစ်ရာ ပြောင်းလဲလိမ့်မည် မဟုတ်ပါ။

အကယ်၍ သင် ဤသုတေသနတွင် မပါဝင်လိုဟု ဆုံးဖြတ်ပါက သင် အချိန်မရွေး ရပ်ဆိုင်းလိုက်နိုင်ပါသည်။ အကယ်၍ စစ်တမ်းကို သင် ဖြေဆိုပြီးနောက် စီမံကိန်းမှ သင် နုတ်ထွက်လိုပါက စုံစမ်းရေးမှူးချုပ် (အောက်တွင်ပါရှိသည့် အသေးစိတ်အချက်) သို့ သင် ဆက်သွယ်ပြီး အသိပေးနိုင်ပါသည်။ အကယ်၍ သင် စစ်တမ်း ဖြေဆိုချိန်၌ ဆက်သွယ်ရမည့် အသေးစိတ်အချက်များကို ပေးမထားပါက သင်၏ စစ်တမ်း ဖြေဆိုချက်များကို ကျွန်ုပ်တို့ ရှာ၍ရနိုင်မည် မဟုတ်သည့်အပြင် အချက်အလက်များကိုလည်း ဖျက်သိမ်းပေးနိုင်မည် မဟုတ်ပါ။ သင်၏ စစ်တမ်း အချက်အလက်များကို ရှာ၍ဖော်ထုတ်ရန် သင်၏ ဆက်သွယ်ရမည့် အသေးစိတ်အချက်များကို ကျွန်ုပ်တို့အား ပေးထားသည့်ကိစ္စ၌ သင် ပေးထားသည့်အချက်အလက်များကို ဖျက်သိမ်းပေးမည်ဖြစ်ပြီး နောက်ထပ် စမ်းစစ်မှုနှင့်အစီရင်ခံမှုကိစ္စတို့တွင် ထည့်သွင်းအသုံးပြုမည် မဟုတ်ပါ။ အကယ်၍ သင့်အချက်အလက်များကို အစီရင်ခံရာ၌ ထည့်သွင်းအသုံးပြုထားပြီးဖြစ်သည့်ကိစ္စ၌ ၎င်းကို ပယ်ဖျက်ပေးနိုင်တော့မည် မဟုတ်ပါ။

လူမှုရေးဆိုင်ရာ သုတေသန စင်တာ (The Social Research Centre) သည် သင်၏ ကိုယ်ရေးအချက်အလက်ကို ကာကွယ်ပေးရန် တလေးတစားတာဝန်ယူထားပြီး သင့်အား ဖြစ်နိုင်ခြေရှိသော အန္တရာယ်တစ်စုံတစ်ရာ (အထက်တွင်ဖော်ပြထားသော “ကျွန်ုပ်၏ ကိုယ်ရေးသီးခြားရှိမှုမှာ အဘယ်နည်း။” ကိုကြည့်ပါ) မှ ကာကွယ်ပေးရန် ချမှတ်ထားသော စနစ်အမျိုးမျိုး ရှိပါသည်။ သင်၏ စစ်တမ်း အချက်အလက်ကို ဥပဒေက ခွင့်ပြုထားသမျှ လျှို့ဝှက်ထားရှိထားပြီး သင့်အနေဖြင့် ဖြေဆိုရန် အဆင်မပြေသည့် မေးခွန်း တစ်စုံတစ်ရာအတွက် “မသိပါ” သို့မဟုတ် “မဖြေဆိုလိုပါ” တို့ကို ရွေး၍ဖြေဆိုနိုင်ပါသည်။

## ကျွန်ုပ်၏ အချက်အလက်များကို မည်သို့ သိုလှောင်ထားမည်နည်း။

သုတေသန အဖွဲ့သည် သင်၏ အချက်အလက်များကို လူမှုရေးဆိုင်ရာ သုတေသန စင်တာ (Social Research Centre) ရှိ လျှို့ဝှက်စကားလုံးဖြင့် ကာကွယ်ပေးထားသော ကွန်ပျူတာများတွင် လုံခြုံစွာ သိုလှောင်ထားပါမည်။ လူမှုရေးဆိုင်ရာ သုတေသန စင်တာ (The Social Research Centre) နှင့် ဆကင်လွန် အဖွဲ့ (Scanlon Institute) သည် ဤစီမံကိန်းနှင့် စပ်လျဉ်းသည့် အချက်အလက် အားလုံးကို ငါးနှစ်ကြာပြီးနောက် ပယ်ဖျက်လိုက်မည် ဖြစ်ပါသည်။ ဘဲလ်ဘဲရီ (Bellberry) သည် ဤစီမံကိန်းနှင့်စပ်လျဉ်းသည့် စီမံရေး အချက်အလက်အားလုံးကို တစ်ဆယ့်ငါးနှစ် ကြာပြီးနောက် www.bellberry.com.au) တွင်ရရှိနိုင်သော သုတေသနမှူး အချက်အလက် သိုလှောင်ရေးနှင့် ထိန်းသိမ်းရေး ဆိုင်ရာ

ဘဲလ်ဘဲရီ လမ်းညွှန် BA G11 (Bellberry guidance BA G11 Researcher data storage and retention) နှင့်အညီ ဖျက်သိမ်းလိုက်ပါမည်။

## လျှို့ဝှက်လုပ်ပေးသည့် ပံ့ပိုးမှု ကျွန်ုပ် လိုအပ်ပါက မည်သူ့အား ကျွန်ုပ် ဆက်သွယ်နိုင်သနည်း။

အောက်ပါ စိတ်ခံစားမှုဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးဝန်ဆောင်မှုများမှာ အခမဲ့ဖြစ်ပြီး လျှို့ဝှက်ဆောင်ရွက်ပေးပါသည်။ အကယ်၍ သင် မသက်မသာ တစ်စုံတစ်ရာ ကြုံတွေ့ပါက သို့မဟုတ် တစ်ဦးတစ်ယောက်နှင့် စကားပြောဆိုလိုပါက သင် အောက်ပါတို့ကို ဆက်သွယ်နိုင်သည်-

- Beyond Blue: 1300 224 636;
- (အသက်ကယ်လိုင်း) Lifeline: 13 11 14;
- (သေကြောင်းကြံစည်မှု ဖုန်းပြန်ခေါ် ဝန်ဆောင်မှု) Suicide Call Back Service: 1300 659 467;
- (ရွှေ့ပြောင်းလာသူ နှင့် ဒုက္ခသည် ကျန်းမာရေး စင်တာ) Centre for Migrant And Refugee Health Inc. 03 8382 2125
- ဖေါင်ဒေးရှင်းဟောက်စ်- ဒုက္ခသည်များအား ဘဝပြန်လည်ထူထောင်ရန် ပံ့ပိုးပေးခြင်း) Foundation House: Supporting Refugees to Rebuild their Lives (03) 9389 8900
- ကွန်ပင်နီယမ်ဟောက်စ် (Companion House (02) 6251 4550
- (စိတ်ကျန်းမာရေး အရေးပေါ် တုံ့ပြန်မှု ဖုန်းလိုင်း) MHERL, Mental Health Emergency Response Line – 24 hrs. Metro 1300 555 788, Peel 1800 676 822 (အခမဲ့ စကားပြန် ဝန်ဆောင်မှု ဖုန်း TIS 131 450)

## ကျွန်ုပ်တွင် မကျေနပ်မှု သို့မဟုတ် စိုးရိမ်မှု ရှိပါက မည်သူ့ကို ဆက်သွယ်နိုင်သနည်း။

ဤသုတေသနနှင့်ပတ်သက်၍ သင့်တွင် မကျေနပ်မှု သို့မဟုတ် စိုးရိမ်မှု ရှိပါက အောက်ပါ လူပုဂ္ဂိုလ်များကို သင် ဆက်သွယ်နိုင်သည်-

| Name \| Role\| Organisation | Contact details |
|---|---|
| Kylie Brosnan \| စီမံရေးမှူးချုပ်<br>ညွှန်ကြားရေးမှူး၊ The Social Research Centre | အီးမေးလ်- kylie.brosnan@srcentre.com.au<br>ဖုန်း- +61 3 9236 8500 (ညှိကြောင်တာ) |
| လုပ်ငန်း ညွှန်ကြားရေးမှူး<br>Bellberry Limited | အီးမေးလ်- bellberry@bellberry.com.au<br>ဖုန်း- +61 8 8361 3222 |

SCANLON FOUNDATION RESEARCH INSTITUTE

Social Research Centre

## ကျင့်ဝတ်စည်းကမ်း ကော်မတီမှ ကျင့်ဝတ်ကျူးလွန်မှုကင်းရှင်းကြောင်း ထောက်ခံချက်

ဘဲလ်ဘဲရီ လူသား သုတေသန ကျင့်ဝတ် ကော်မတီ (The Bellberry Human Research Ethics Committee) သည် ဤလေ့လာမှုကို နောက်ဆုံးအသစ်ပြင်ဆင်ပြဋ္ဌာန်းထားမှု အားလုံးကို ပါဝင်ထည့်သွင်းထားသည့် လူသားသုတေသနရှိ ကျင့်ဝတ်ဆိုင်ရာ လုပ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံလုံးဆိုင်ရာ စာတမ်း (၂၀၂၃) (National Statement on Ethical Conduct in Human Research (2023)) နှင့်အညီ သုံးသပ်ခဲ့ပြီး အတည်ပြုပေးထားသည်။ ဤစာတမ်းကို လူသားသုတေသန လေ့လာမှုများတွင် ပါဝင်ဖြေဆိုရန် သဘောတူထားသူများ၏ ကောင်းကျိုးများကို ကာကွယ်ပေးရန် ထူထောင်ပြုစုထားပါသည်။ အကယ်၍သင်သည် ဤလေ့မှုကို ဆွေးနွေးလိုပါက သို့မဟုတ် မကျေနပ်မှုတိုင်တန်းချက် လုပ်ထုံးလုပ်နည်း မိတ္တူတစ်ခုကို တိုက်ရိုက်ပါဝင်ပတ်သက်သူ မဟုတ်သောသူတစ်ဦးဦးနှင့်အတူ ဖတ်ရှုလိုပါက အထူးသဖြင့် မူဝါဒများ၊ အချက်အလက်များ သို့မဟုတ် လေ့လာမှု လုပ်ရပ်နှင့်ပတ်သက်သည့် တိုင်တန်းချက်များ သို့မဟုတ် ပါဝင်ဖြေဆိုသူအဖြစ် သင့် အခွင့်အရေးများနှင့်သက်ဆိုင်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ သင်သည် လုပ်ငန်းညွှန်ကြားရေးမှူး ၊ ဘဲလ်ဘဲရီ လိမိတက်ကို ဖုန်း 08 8361 3222 ဖြင့် ဆက်သွယ်နိုင်ပါသည်။